# တိုင်းရင်းဆေးမိသားစု သတင်းလွှာ

အမှတ်စဉ် - ၂

၂၀၁၆ ခုနှစ် အောက်တိုဘာလ မှ ၂၀၁၇ ခုနှစ် မတ်လ

## မာတိကာ


- (၂၀၁၆ အောက်တိုဘာလ) မှ (၂၀၁၇ မတ်လ) အတွင်း ကွင်းဆင်းဆေးကုသခြင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ
- ၁၇ ကြိမ်မြောက် ညီလာခံနှင့် သတ္တမအကြိမ်မြောက် စာတမ်းဖတ်ပွဲ
- သင်တန်းများ
- ဘွဲ့နှင်းသဘင်အခမ်းအနားနှင့်တ-ဆ မှတ်ပုံတင်ပေးအပ်ပွဲ
- FDA မှ ကြီးမှူး တိုင်းရင်းဆေးပြခန်းငယ်ပြသ
- တိုင်းရင်းဆေးဝါးမှတ်ပုံတင် အသစ်တင်ခြင်းနှင့် ခွင့်ပြုခဲ့သော အုပ်စုဝင်များစာရင်း
- နိုင်ငံပိုင်သတင်းစာများတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ အမည်စာရင်းထုတ်ပြန်ကြေညာခြင်း
- စာနယ်ဇင်းများတွင် ပညာပေးရေးသားခြင်း၊ အသံလွှင့်ခြင်း
- တိုင်းရင်းဆေးဝါးကြော်ငြာများ
- ပြည်ပဧည့်သည်များနှင့်တွေ့ဆုံခြင်း
- ပြည်ပခရီးစဉ်


-------------------------

ရုံးအမှတ်(၄၇)၊
တိုင်းရင်းဆေးပညာဦးစီးဌာန၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊
ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း - ၀၆၇ ၄၃၁၀၈၉၊ ၀၆၇ ၄၃၁၀၉၅
Website – www.dtm.gov.mm

## အမှာစာ

တိုင်းရင်းဆေးပညာဦးစီးဌာနမှ (၆) လ တစ်ကြိမ် ထုတ်ဝေလျက်ရှိသော "တိုင်းရင်းဆေးမိသားစု သတင်းလွှာ အမှတ်(၂)" ကို ထုတ်ဝေလိုက်ပါပြီ။

"တိုင်းရင်းဆေးမိသားစုသတင်းလွှာ" စာစောင်ကို ၂၀၁၆ ခုနှစ် က စတင်ကာ တိုင်းရင်းဆေးမိသားစုများ ဌာနခွဲများ၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဦးစီးဌာနများ၊ ဆေးရုံဆေးခန်းများ၏ လှုပ်ရှားမှုများကိုစုစည်း၍ ထုတ်ဝေရန် ကြိုးစားအားထုတ်ခဲ့ကြပါသည်။ အကြောင်းအမျိုးမျိုးကြောင့် စာအုပ်အဆင့် ရောက်မလာနိုင်ခဲ့သော်လည်း တိုင်းရင်းဆေးပညာဦးစီးဌာန၏ Website- www.dtm.gov.mm – Publication ကဏ္ဍတွင် လွှင့်တင်နိုင်ခဲ့ပါသည်။ ယခုလို စာစောင်များ ထုတ်ဝေပေးနေခြင်းသည် တိုင်းရင်းဆေးပညာ တိုးတက် ထွန်းကားရေးအတွက် မိမိတို့တာဝန်ကို ဦးလည်မသုံအားထုတ်ကြိုးပမ်းနေကြသည့် ဝန်ထမ်းအားလုံး၏ ကြိုးပမ်း အားထုတ်မှုများကို အသိအမှတ်ပြုသည့် အနေဖြင့် မှတ်တမ်းတင်ပေးရန်လည်း ရည်ရွယ်ပါသည်။

တိုင်းရင်းဆေးရုံ၊ ဆေးခန်းများတွင် လူနာများ/အကုရများသည့် တိုင်းရင်းဆေးစံကုထုံးများ ပြုစုရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ကျင်းပပြုလုပ်နေကြသော "တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်" CTME များတွင် ဦးဆောင် ဆွေးနွေးပေးကြသူများ၊ တက်ရောက် ဆွေးနွေးပေးကြသူများကိုလည်း အစွမ်းထက်ကုထုံးများပေါ်ထွက်လာစေရန် ဒီထက်မကစေတနာထားကာ ဆွေးနွေးဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါတယ်။

ကွင်းဆင်းဆေးကုသခြင်းများနှင့်အတူ ပြည်သူလူထုအတွက် ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲများ တွဲဖက်ပြုလုပ်နေကြသည်ကိုလည်း ကြားသိရ၍ ကျေးဇူးတင်ဂုဏ်ယူရပါသည်။

တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုကျန်းမာရေးအကောင်းဆုံး ကုသပေးနိုင်ပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းဆေးပညာဦးစီးဌာန

**နေပြည်တော် ကောင်စီနယ်မြေ (အောက်တိုဘာလမှ မတ်လအတွင်း)**
**ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ**

နေပြည်တော်တိုင်းဦးစီးဌာနမှူးရုံးအတွင်းရှိ ဒက္ခိဏခရိုင်နှင့် လယ်ဝေး၊ အေလာ၊ တပ်ကုန်း မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့တွင် အောက်တိုဘာမှ မတ်လအတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာ၊ စာသင်ကျောင်းများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၅၈) ကြိမ်၊ လူနာ စုစုပေါင်း (၃၃၆၉) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နွေရာသီတွင်ဖြစ်တတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါအကြောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်များအကြောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်း ဆေးဝါးများကို မသုံးစွဲသင့်ကြောင်း၊ ဆီးချိုရောဂါအကြောင်းသိကောင်းစရာအကြောင်းတို့ကို ကျန်းမာရေး အသိပညာပေး ဟောပြောပို့ချပေးခဲ့ပါသည်။

နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၆)ကြိမ်၊ လူနာပေါင်း(၁၈၀၁) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အရေပြားထူလေးဖက်နာ ရောဂါများအကြောင်း၊ နလုံးကျန်း မာသက်ရှည်စွာ နေနိုင်ရေးအကြောင်းအရာအကြောင်းအရာ၊ အမျိုးသမီးတိုင်း သတိပြုစရာ မီးယပ်ဖြူဆင်းဝေဒနာအကြောင်း တို့ကို ကျန်းမာရေး အသိပညာပေးဟောပြောပို့ချပေးခဲ့ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် နေပြည်တော်ခုတင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံကြီးတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် လေငန်းရောဂါအကြောင်း၊ နိုဝင်ဘာလတွင် မန်းနှင့် အနာပေါက်ရောဂါအကြောင်း၊ ဒီဇင်ဘာလတွင် အမျိုးသမီးနှင့် မီးယပ်သွေးဆုံးခြင်းရောဂါ အကြောင်း၊ ဇန်နဝါရီလတွင် မြန်မာအမျိုးသမီးတိုင်းသတိပြုစရာ မီးယပ်ဖြူဆင်းဝေဒနာ ရောဂါအကြောင်း၊ ဖေဖော်ဝါရီလ တွင် ဇတ္တုထမ္ဘရောဂါအကြောင်း၊ မတ်လတွင် အဆစ်ရောင်ရောဂါအကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

| | |
|---|---|
|   |   |

## ကချင်ပြည်နယ် (အောက်တိုဘာလမှ မတ်လအတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ ဝိုင်းမော်၊ မိုးညှင်း၊ မိုး ကောင်း၊ ဟိုပင်၊ ဖားကန့်၊ ပူတာအို မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၅၂) ကြိမ်၊ လူနာစုစုပေါင်း (၃၂၈၆) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နွေရာသီတွင်ဖြစ်တတ်သောရောဂါ များအကြောင်း၊ သွေးချို ဆီးချိုရောဂါတွင် လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရသာ(၆)ပါး အကျိုးသွားအကြောင်း၊ တိုင်းရင်းဆေး ပညာဖြင့်အသိပညာပေးခြင်းအကြောင်း၊ အရိုးကျီးပေါင်းနှင့် သွေးတိုးရောဂါအတွက် ဆေးဖက်ဝင်အပင်များအကြောင်း တို့ကို ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ပါသည်။

ခုတင်(၅၀) ဆံ့ မြစ်ကြီးနားတိုင်းရင်းဆေးရုံ၊ (၁၆) ခုတင်ဆံ့ မိုးကောင်းတိုင်းရင်းဆေးရုံတို့မှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးစုစုပေါင်း (၃) ကြိမ်လူနာပေါင်း (၁၉၀) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆီးချိုရောဂါအကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် အန္တိမပဒရ သွေးဆုံးမီးယပ်ရောဂါအားတိုင်းရင်းဆေးပညာဖြင့် လေ့လာခြင်း၊ ဒီဇင်ဘာလတွင် လေငန်းရောဂါ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ တွင် အရိုးကျီးပေါင်းရောဂါနှင့် ပျောက်စေသော ဆေးများနှင့် အသုံးပြုပုံများအကြောင်း နှင့် မတ်လတွင် ခါးနာရောဂါ တို့ကို ဟောပြော ဆွေးနွေးခဲ့ကြပါသည်။





## ကယားပြည်နယ် (အောက်တိုဘာလမှ မတ်လအတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆိုး၊ ဘောလခဲ၊ ဖားဆောင်း မြို့နယ်အတွင်းရှိ မြို့နယ် တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း ဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်းစုစုပေါင်း (၄၈) ကြိမ်၊ လူနာစုစုပေါင်း (၂၃၀၀) ဦးအား တိုင်းရင်းဆေးဖြင့် မီးဖိုချောင်သုံးဆေးပစ္စည်းများအကြောင်း၊ လေငန်းရောဂါအကြောင်း၊ တနေ့တာကျန်းမာအောင် တိုင်းရင်းဆေးနည်း ကိုဆောင်၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ သွေးတိုးရောဂါအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြော ခဲ့ပါသည်။

ခုတင်(၅၀) ဆံ့ လွိုင်ကော်တိုင်းရင်းဆေးရုံ၊ (၁၆) ခုတင်ဆံ့ ဒီမောဆိုတိုင်းရင်းဆေးရုံတို့သည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောခြင်းစုစုပေါင်း (၃၂) ကြိမ်၊ လူနာပေါင်း (၁၇၆၆) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်း မာရေးစောင့်ရှောက်မှုပေးခြင်း၊ ၊ရာသီအကူးအပြောင်းတွင် ဖြစ်တတ်သောရောဂါများအကြောင်း၊ ဒေသပေါက်ဆေးဖက်ဝင်အပင်အကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြောပို့ချခဲ့ပါ သည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် သွေးဆုံးမီးယပ်အကြောင်း၊ ဒီဇင်ဘာလတွင် မီးယပ်ဖြူရောဂါ လေ့လာခြင်းစာတမ်း၊ ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် ဇက်ကျီးပေါင်းရောဂါအား လေ့လာခြင်းစာတမ်း နှင့် မတ်လတွင် ခါးနာရောဂါ တို့ကို ဟောပြော ဆွေးနွေးခဲ့ကြပါသည်။





**ကရင်ပြည်နယ် (အောက်တိုဘာလမှ မတ်လအတွင်း)**
**ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ**

ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ မြိုင်ကြီးငူ၊ သံတောင်၊ ဖာပွန်၊ ကော့ကရိတ်၊ မြဝ တီ၊ ကြာအင်းဆိပ်ကြီး မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများနှင့် တရားစခန်းများသို့ ကွင်းဆင်းဆေး ကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၇၈) ကြိမ်၊ လူနာစုစုပေါင်း (၃၉၂၅) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ပတ်ဝန်းကျင်နှင့် ဆေးဖက်ဝင် အပင်များ၊ မီးဖိုချောင်သုံးဆေးဖက်ဝင်အပင်များ၊ အဖြစ်များသောရောဂါဝေဒနာများနှင့် တိုင်းရင်းဆေးကုထုံးများ အကြောင်း၊ ဥတုရာသီနှင့် မြန်မာ့တိုင်းရင်းဆေးနည်းကုထုံးများအကြောင်း၊ ရောဂါအလိုက်သုံးစွဲနိုင်သော ဆေးဖက်ဝင် အပင်များအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ပါသည်။

ခုတင်(၅၀)ဆံ့ ဘားအံတိုင်းရင်းဆေးရုံမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်း ဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်းစုစုပေါင်း (၈) ကြိမ်၊ လူနာပေါင်း (၈၈၀) ယောက် အားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အစာအဆိပ်သင့်ခြင်းအကြောင်း၊ ထမင်းစားပြီးမပြုလုပ်သင့်သည့် အချက်(၈)ချက်အကြောင်းတို့ကို ကျန်းမာရေး အသိပညာပေးဟောပြောပို့ချခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အနာပေါက် (လိပ်ခေါင်း ရောဂါ) လေ့လာခြင်း၊ နိုဝင်ဘာလတွင် သွေးဆုံးမီးယပ်အကြောင်း၊ ဒီဇင်ဘာလတွင် မီးယပ်ဖြူဆင်းရောဂါအား လေ့လာတင်ပြခြင်းအကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ဇက်ကျီးပေါင်းရောဂါအကြောင်း၊ ဖေဖော်ဝါရီလတွင် အဆစ်ရောင်ရောဂါအကြောင်း တို့ကို ဟောပြော ဆွေးနွေးခဲ့ကြပါ သည်။




**ချင်းပြည်နယ် (အောက်တိုဘာလမှ မတ်လအတွင်း)**
**ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ**

ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ တွန်းဇံ၊ မတူပီ၊ ကန်ပက်လက် မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၃၈) ကြိမ်၊ လူနာစုစုပေါင်း (၁၈၈၁) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တိုင်းရင်းဆေးပညာအကြောင်းသိကောင်းစရာအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ပါသည်။

(၁၆) ခုတင်ဆံ့ ဟားခါးတိုင်းရင်းဆေးရုံမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်း ဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်းစုစုပေါင်း (၆) ကြိမ်၊ လူနာပေါင်း (၂၄၀) ယောက်အား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် လေငန်းရောဂါအကြောင်း၊ နိုဝင်ဘာလတွင် ခါးနာရောဂါအကြောင်း၊ ဒီဇင်ဘာလတွင် မီးယပ်ဖြူရောဂါအား လေ့လာ တင်ပြခြင်းအကြောင်းတို့ကိုဟောပြောဆွေးနွေးခဲ့ကြပါသည်။




## မွန်ပြည်နယ် (အောက်တိုဘာလမှ မတ်လအတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်၊ သိမ်ဆိပ်၊ ပေါင်၊ ချောင်းဆုံ၊ ပေါင်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ သထုံ၊ သုဝဏ္ဏ၊ ကျိုက်ထို၊ ဘီးလင်း မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်း ဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၁၉၈) ကြိမ်၊ လူနာစုစုပေါင်း (၈၅၄၀) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြင်းခွါရွက်အကြောင်းသိကောင်းစရာ၊ ရေနှင့်ကျန်းမာရေးအကြောင်းသိကောင်းစရာ၊ ဆောင်းရာသီတွင် ဖြစ်တတ်သောရောဂါများအကြောင်း တို့ကို ကျန်းမာရေးအသိပညာပေးဟော ပြောခဲ့ပါသည်။

ခုတင်(၅၀) ဆံ့ မော်လမြိုင်တိုင်းရင်းဆေးရုံ၊ (၂၅) ခုတင်ဆံ့ သထုံတိုင်းရင်းဆေးရုံတို့မှ မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးစုစုပေါင်း (၂၆) ကြိမ်၊ လူနာပေါင်း (၁၉၉၇) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒူးနာ၊ ခါးနာရောဂါ၊ တကိုယ်ရေသန့်ရှင်းရေး၊ ဆောင်းရာသီမှာ ဖြစ်တတ်သောရောဂါ၊ ချောင်းဆိုးရောဂါ၊ မီးယပ်ရောဂါအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မန်းနှင့် အနာပေါက်အကြောင်းလေ့လာခြင်း၊ နိုဝင်ဘာလတွင် သွေးဆုံး မီးယပ်အကြောင်း၊ ဒီဇင်ဘာလတွင် မီးယပ်ဖြူရောဂါအား လေ့လာတင်ပြခြင်း အကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ဇက်ကျီးပေါင်းရောဂါအကြောင်း၊ ဖေဖော်ဝါရီလတွင် အာမဝါတ (အဆစ်ရောင်ရောဂါ)တို့ကို လေ့လာခြင်းအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။





## ရခိုင်ပြည်နယ် (အောက်တိုဘာလမှ မတ်လအတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ တောင်ကုတ်၊ မာန်အောင်၊ သံတွဲ၊ မြောက်ဦး၊ အမ်း၊ ကျောက်တော်၊ မင်းပြား၊ မောင်တော၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်း ဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၈၅) ကြိမ်၊ လူနာစုစုပေါင်း (၁၉၉၂) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြြင်း၊ သွေးလွန်တုတ်ကွေးရောဂါ အကြောင်းသိကောင်းစရာ၊ သွေးတိုးရောဂါအကြောင်းသိကောင်းစရာ၊ တကိုယ်ရေ ကျန်းမာရေးအကြောင်း သိကောင်းစရာ တို့ကို ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ပါသည်။

ကုတင်(၅၀)ဆံ့ စစ်တွေတိုင်းရင်းဆေးရုံမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်း စုစုပေါင်း (၂) ကြိမ်၊ လူနာပေါင်း (၁၂၅) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ဆောင်ရွက်ခဲ့ပါသည်။





## ရှမ်းပြည်နယ် (အောက်တိုဘာလမှ မတ်လအတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီး၊ ရပ်စောက်၊ မိုးနဲ၊ အောင်ပန်း၊ ပင်းတယ၊ ကွန်းဟိန်း၊ နောင်ချို၊ သိန္နီ၊ တာချီလိတ်၊ ကျိုင်းတုံ၊ သီပေါ၊ မူဆယ်၊ မဘိမ်း၊ ကွတ်ခိုင်၊ ညောင်ရွှေ၊ မိုင်းယောင်း၊ လွိုင်လင်၊ ပင်လုံ၊ လဲချား၊ နမ့်စန်မြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း ဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၂၃၈) ကြိမ်၊ လူနာစုစုပေါင်း (၁၂၄၈၇) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အထွေထွေရောဂါနှင့်ဆေးဖက်ဝင် အပင်များ၊ မီးဖိုချောင်သုံးဆေးဖက်ဝင်များအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြော ခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

ခုတင်(၅၀) ဆံ့ အေးသာယာတိုင်းရင်းဆေးရုံ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း ဆေးကုသခြင်းနှင့် ပညာပေးစုစုပေါင်း (၁၅) ကြိမ်၊ လူနာပေါင်း (၂၆၆၆) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း တို့ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မန်းနှင့် အနာပေါက်အကြောင်းလေ့လာခြင်း၊ နိုဝင်ဘာလတွင် သွေးဆုံးမီးယပ်အကြောင်း၊ ဒီဇင်ဘာလတွင် မီးယပ်ဖြူရောဂါ စာတမ်း အကြောင်း လေ့လာတင်ပြခြင်းအကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ဇက်ကြီးပေါင်းရောဂါအကြောင်း၊ ဖေဖော်ဝါရီလ တွင် အဆစ်ရောင်ရောဂါနှင့်ပါဒရက်ရောဂါတို့ကိုလေ့လာခြင်း အကြောင်းနှင့် မတ်လတွင် ခါးနာရောဂါအကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။







## ရန်ကုန်တိုင်း (အောက်တိုဘာလမှ မတ်လအတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မြောက်ဒဂုံ၊ တွံတေး၊ တံတား၊ ကွမ်းခြံကုန်း၊ အလုံ၊ လှည်းကူး၊ သာကေတ၊ လှိုင်သာယာ၊ ဖောင်ကြီး၊ ဥက္ကံ(တိုက်ကြီး)၊ သန်လျင်၊ ကျောက်တန်း၊ ဒလမြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၂၈၆) ကြိမ်၊ လူနာစုစုပေါင်း (၇၃၂၉) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းတို့ဆောင် ရွက်ခဲ့ပါသည်။

ခုတင်(၁၀၀) ဆံ့ ရန်ကုန်တိုင်းရင်းဆေးရုံ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးစုစုပေါင်း (၁၆) ကြိမ်၊ လူနာပေါင်း (၇၉၃) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မှန်လေးမှန်အကြောင်း၊ တိုင်းရင်းဆေးနှင့် ကျန်းမာအောင်နေထိုင်နည်းအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း တို့ဆောင် ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အနာပေါက်ရောဂါ အကြောင်းအားလေ့လာခြင်း ၊ နိုဝင်ဘာလတွင် သွေးဆုံး မီးယပ်အကြောင်း၊ ဒီဇင်ဘာလတွင် မီးယပ်ဖြူရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်း လေ့လာတင်ပြခြင်း အကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ဇတ္တုထမ္ဘရောဂါ နှင့် တိုင်းရင်းဆေးပညာအကြောင်း လေ့လာတင်ပြခြင်းအကြောင်း၊ ဖေဖော်ဝါရီလတွင် အဆစ်ရောင်ရောဂါနှင့် တိုင်းရင်းဆေး ပညာအကြောင်း လေ့လာတင်ပြခြင်း အကြောင်း၊ မတ်လတွင် ခါးနာရောဂါ တို့ကို ဟောပြောဆွေးနွေး ခဲ့ကြပါသည်။






## မန္တလေးတိုင်း (အောက်တိုဘာလမှ မတ်လအတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ကူမဲ၊ မြင်းခြံ၊ မလှိုင်၊ ပုသိမ်ကြီး၊ တောင်သာ၊ ပျော်ဘွယ်၊ မြစ်သား၊ သာစည်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ သပိတ်ကျင်း၊ မိုးကုတ်၊ မတ္တရာ၊ သဲတော(ဝမ်းတွင်း)၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်း၊ ညောင်ဦးမြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း ဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၆၁၇) ကြိမ်၊ လူနာစုစုပေါင်း (၂၃၆၄၂) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တကိုယ်ရေသန့်ရှင်းရေးအကြောင်းသိကောင်းစရာ၊ မီးဖိုချောင်သုံးပစ္စည်းများ သိကောင်းစရာ၊ ရာသီအလိုက်ဖြစ်တတ်သောရောဂါများ၊ နှာစေးချောင်းဆိုးရောဂါအကြောင်း၊ သွေးတိုးရောဂါအကြောင်း သိကောင်းစရာ အကြောင်းတို့ကို ကျန်းမာရေးအသိပညာ ပေးဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ခုတင်(၁၀၀)ဆံ့ မန္တလေးတိုင်းရင်းဆေးရုံ၊ (၂၅)ခုတင်ဆံ့ ကျောက်ဆည်နှင့် ရမည်းသင်း တိုင်းရင်းဆေးရုံတို့မှ မြို့နယ် တွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးစုစုပေါင်း (၁၉)ကြိမ်၊ လူနာပေါင်း (၂၄၆၃) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဝမ်းလျှောဝမ်းပျက်သိကောင်းစရာ၊ ဥတု၊ ရာသီ အလိုက် နေထိုင်စားသောက်ခြင်း၊ အဖြစ်များသောရောဂါများနှင့် အစွမ်းထက်တိုင်းရင်းဆေးဖက်ဝင်အပင်များ၊ အမျိုးသမီး ရောဂါများတွင် အသုံးပြုနိုင်သောဆေးဖက်ဝင်အပင်များ၊ ဆီးချိုရောဂါများတွင် အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များ အကြောင်းကို ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းတို့ဆောင်ရွက် ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဆီးချိုနာ ကုသမှုများအား လေ့လာခြင်း အကြောင်း၊ နိုဝင်ဘာလတွင် သွေးဆုံးအကြောင်း တစ်စေ့တစ်စောင်း အကြောင်း၊ ဒီဇင်ဘာလ တွင် မီးယပ်ဖြူဆင်းရောဂါ နှင့် တိုင်းရင်းဆေး အကြောင်း၊ ဇန်နဝါရီလတွင် ဇတ္တုထမ္ဘရောဂါအကြောင်း၊ ဖေဖော်ဝါရီလတွင် အဆစ်ရောင်ရောဂါအကြောင်း၊ မတ်လတွင် ခါးနာရောဂါတို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။





**မကွေးတိုင်း (အောက်တိုဘာလမှ မတ်လအတွင်း)**
**ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ**

မကွေးတိုင်းဒေသကြီးအတွင်းရှိ သရက်ခရိုင်၊ မကွေး၊ မိချောင်းရဲ၊ မြို့သစ်၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ အောင်လံ၊ ဆင်ပေါင်ဝဲ၊ မင်းလှ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ထီးလင်း၊ ဂန့်ဂေါ၊ ဆောမြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်း ဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၃၁၀) ကြိမ်၊ လူနာစုစုပေါင်း (၁၆၀၂၂) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအကြောင်းကို ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

ခုတင်(၅၀)ဆံ့ မကွေးတိုင်းရင်းဆေးရုံမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးစုစုပေါင်း (၇) ကြိမ်၊ လူနာပေါင်း (၁၂၀၀) ယောက်အား တိုင်း ရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အအေးမိနှာစေးချောင်းဆိုး၊ ပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သောဆေးဖက်ဝင်အပင်များအကြောင်းကို ကျန်းမာရေး အသိပညာပေးဟော ပြောခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အနာပေါက်ရောဂါစာတမ်းအကြောင်း၊ နိုဝင်ဘာလတွင် သွေးဆုံးမီးယပ်ရောဂါ အားလေ့လာခြင်း၊ ဒီဇင်ဘာလတွင် မီးယပ်ဖြူ ဆင်းခြင်းအကြောင့် လေ့လာတင်ပြခြင်းအကြောင်း၊ ဇန်နဝါရီလတွင် ဇက်ကျိုးပေါင်းရောဂါစာတမ်းအား လေ့လာခြင်း အကြောင်း၊ ဖေဖော်ဝါရီလတွင် အဆစ်ရောင်စာတမ်း အကြောင်း၊ မတ်လတွင် ခါးနာရောဂါ တို့ကို ဟောပြော ဆွေးနွေးခဲ့ကြပါသည်။




**စစ်ကိုင်းတိုင်း (အောက်တိုဘာလမှ မတ်လအတွင်း)**
**ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ ကသာ၊ ကလေး၊ ချောင်းဦး၊ ယင်းမာပင်၊ တမူး၊ ရွှေဘို၊ မြင်းမူ၊ ရေဦး၊ ကြေးမုံ၊ ကောလင်း၊ ကန့်ဘလူ၊ အရာတော်၊ ရွာသစ်ကြီး၊ မြောင်၊ ပုလဲ၊ ပင်လယ်ဘူး၊ ဆားလင်းကြီး၊ တန့်ဆည်၊ ဘုတလင်၊ ဟုမ္မလင်း၊ မင်းကွန်း မြို့နယ်အတွင်းရှိ မြို့နယ် တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၂၈၄) ကြိမ်၊ လူနာစုစုပေါင်း (၂၄၂၉၉) ဦးအား တိုင်းရင်းဆေးဖြင့် ဆောင်းရာသီတွင်ဖြစ်တတ်သောရောဂါနှင့် ဆောင်ရန်၊ ရှောင်ရန်

အကြောင်း၊ အစာလည်းဆေး၊ ဆေးလည်းအစာအကြောင်း၊ ရာသီဥတုနှင့်လိုက် လျောညီထွေစွာနေနိုင်ရေးအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ ပါသည်။

ခုတင်(၅၀)ဆံ့ မုံရွာတိုင်းရင်းဆေးရုံ၊ (၂၅)ခုတင်ဆံ့ ရွှေဘိုတိုင်းရင်းဆေးရုံ၊ (၁၆)ခုတင်ဆံ့ မြင်းမူနှင့် မင်းကွန်း တိုင်းရင်းဆေးရုံတို့မှ မြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေး ဟောပြောခြင်း စုစုပေါင်း (၇၀)ကြိမ်၊ လူနာပေါင်း (၆၅၃၄) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ သွေးတိုးရောဂါနှင့် ပတ်သက်သော ဆောင်ရန်၊ ရှောင်ရန်များအကြောင်းသိကောင်းစရာတို့ကို ကျန်းမာရေး အသိပညာပေး ဟောပြော ပို့ချခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် လိပ်ခေါင်းရောဂါအားလေ့လာခြင်း အကြောင်း၊ နိုဝင်ဘာလတွင် အန္တိမပဒရ သွေးဆုံးမီးယပ်ရောဂါ အားလေ့လာခြင်း ။ ဒီဇင်ဘာလတွင် မီးယပ်ဖြူရောဂါအကြောင်း၊ ဇန်နဝါရီလတွင် ဇတ္တုထမ္ဘစာတမ်းအားလေ့လာခြင်းအကြောင်း၊ ဖေဖော်ဝါရီလ တွင် သန္ဓိဝါတ အဆစ်ရောင် ရောဂါ အကြောင်း၊ မတ်လတွင် ခါးနာရောဂါ တို့ကို ဟောပြောဆွေးနွေး ခဲ့ကြပါသည်။

| | |
|---|---|
|  |  |

**ဧရာဝတီတိုင်း (အောက်တိုဘာလမှ မတ်လအတွင်း)**
**ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ဝါးခယ်မ၊ မြန်အောင်၊ ကျုံပျော်၊ ကိုက်လတ်၊ သာပေါင်း၊ ကံကြီးဒေါင့်၊ ကျောင်းကုန်း၊ ငပုတော၊ ရေကြည်၊ ဟင်္သာတ၊ ကြံခင်း၊ ထူးကြီး(အင်္ဂပူ)၊ လေးမျက်နှာ၊ ဇလွန်၊ မြောင်းမြ၊ အိမ်မဲ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ မအူပင်၊ ဓနုဖြူ၊ ပန်းတနော်၊ ညောင်တုန်း၊ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၃၄၇) ကြိမ်၊ လူနာစုစုပေါင်း (၁၉၃၃၉) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မီးဖိုချောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင်ပုံ၊ ရာသီအလိုက် ဖြစ်တတ်သောရောဂါများအကြောင်း၊ ဒေသပေါက်ဆေးဖက်ဝင်အပင်များအကြောင်း၊ သွေးတိုးရောဂါနှင့် ဆောင်ရန်၊ ရှောင်ရန်၊ တကိုယ်ရေသန့်ရှင်းရေးအကြောင်းတို့ကို ကျန်းမာရေးအသိပညာ ပေးဟောပြောခြင်း တို့ဆောင်ရွက်ခဲ့ပါသည်။

(၁၆) ခုတင်ဆံ့ ပုသိမ်တိုင်းရင်းဆေးရုံမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးစုစုပေါင်း (၁၆) ကြိမ်၊ လူနာပေါင်း (၁၂၄၀) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း တို့ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မန်းနှင့် အနာပေါက်အကြောင်းနှင့် မန်းနှင့် အနာပေါက်ရောဂါတွင် အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များအကြောင်း၊ နိုဝင်ဘာလတွင် သွေးဆုံးမီးယပ်ရောဂါ အားလေ့လာခြင်း၊ ဒီဇင်ဘာလတွင် မီးယပ်ဖြူရောဂါများအကြောင့်း လေ့လာ တင်ပြခြင်းအကြောင်း၊ ဇန်နဝါရီလတွင် လည်ဆစ်ရိုးကျီးပေါင်းရောဂါအကြောင်း နှင့် လည်ဆစ်ရိုးကျီးပေါင်းတွင် အသုံးပြု

နိုင်သော ကုထုံးများအကြောင်း၊ ဖေဖော်ဝါရီလတွင် အဆစ်ရောင်ရောဂါအကြောင်း၊ မတ်လတွင် ခါးနာရောဂါ တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။





## ပဲခူးတိုင်း (အောက်တိုဘာလမှ မတ်လအတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ ရေတာရှည်၊ ပေါင်းတည်၊ ရွှေတောင်၊ နတ္တလင်း၊ အုတ်ဖို၊ သာယာဝတီ၊ ပေါက်ခေါင်း၊ ကြို့ပင်ကောက်၊ မင်းလှ၊ စစ်ကွင်း၊ သဲကုန်း၊ ပေါင်းတလည်၊ ပန်းတောင်း၊ သနပ်ပင်၊ ရွှေကျင်၊ ဇီးကုန်း၊ ပြည်၊ ရွှေတောင်၊ ကျောက်ကြီး၊ ဝက်ထီးကန်၊ ပဲနွယ်ကုန်း၊ ညောင်လေးပင်၊ ဖြူးမြို့နယ်အတွင်းရှိ မြို့နယ် တိုင်းရင်းဆေး ကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၆၃၉) ကြိမ်၊ လူနာစုစုပေါင်း (၁၅၈၅၄) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ မီးဖိုချောင်းသုံးဆေးဖက်ဝင်ပစ္စည်းများအကြောင်း၊ သွေးတိုး၊ လေငန်းရောဂါများအကြောင်း၊ ဥတုရာသီအလိုက်ဖြစ်တတ်သော ရောဂါများအကြောင်း သိကောင်းစရာတို့ကို ကျန်းမာရေးအသိပညာပေးဟောပြောခြင်း တို့ဆောင် ရွက်ခဲ့ပါသည်။

ခုတင်(၅၀)ဆံ့ ပဲခူးတိုင်းရင်းဆေးရုံ၊ (၂၅)ခုတင်ဆံ့ ပြည်တိုင်းရင်းဆေးရုံတို့မှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးစုစုပေါင်း (၃၀) ကြိမ်၊ လူနာပေါင်း (၂၁၈၂) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အဆစ်ရောင်ရောဂါအကြောင်းသိကောင်းစရာ၊ လေငန်းရောဂါ အကြောင်း သိကောင်းစရာအကြောင်း တို့ကို ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အနာပေါက်ရောဂါအကြောင်းနှင့် အနာပဆုပ်အကြောင်း၊ နိုဝင်ဘာလတွင် သွေးဆုံးမီးယပ်ရောဂါအားလေ့လာခြင်း အကြောင်း၊ ဒီဇင်ဘာလတွင် မန်းနှင့်အနာပေါက်ရောဂါတို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

## တနင်္သာရီတိုင်း (အောက်တိုဘာလမှ မတ်လအတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်၊ ပုလော၊ ကော့သောင်း၊ တနင်္သာရီ၊ ထားဝယ်၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်းခရိုင်၊ မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် အောက်တိုဘာမှ မတ်လအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေး ကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၅၆) ကြိမ်၊ လူနာစုစုပေါင်း (၃၄၉၉) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သဘော်ရွက်နှင့် ကင်ဆာရောဂါအကြောင်း သိကောင်းစရာ၊ မိမိလက်တကမ်းမှာရှိသော ဆေးဖက်ဝင်အပင်များအကြောင်း၊ သတိပြုရန်မှန်လေး မှန်၊ ကံ၊ စိတ်၊ ဥတု၊အာဟာရအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ပါသည်။

(၂၅) ခုတင်ဆံ့ မြိတ်တိုင်းရင်းဆေးရုံမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်းစုစုပေါင်း (၈) ကြိမ်၊ လူနာပေါင်း (၉၀) ယောက်အား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောပို့ချခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မန်းနှင့်အနာပေါက် အကြောင်း၊ နိုဝင်ဘာလတွင် သွေးဆုံးမီးယပ်ရောဂါအကြောင်း၊ ဒီဇင်ဘာလတွင် မီးယပ်ဖြူရောဂါ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင်ဇတ္တုထမ္ဘရောဂါအကြောင်းတို့ကိုဟောပြောဆွေးနွေးခဲ့ကြပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတို့တွင် ၂၀၁၇ ခုနှစ် အောက်တိုဘာလ မှ မတ်လအတွင်းကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွင်းဆင်းဆေးကုသခြင်းနှင့် တိုင်းရင်းဆေးအသိပညာပေး ဟောပြောခြင်း (၃၅၉၈) ကြိမ်၊ ကွင်းဆင်းကုသပေးခဲ့သည့် လူနာစုစုပေါင်း (၁၇၁၉၃၁) ဦး နှင့် စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေး အစီအစဉ် (၇၀) ကြိမ် တို့ကိုပြုလုပ်ပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပါသည်။

## (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၁၈)ရက်နေ့မှ (၁၉)ရက်နေ့ ကျင်းပ

နေပြည်တော်။ ဇန်နဝါရီလ (၁၈) ရက် မှ (၁၉) ရက် အထိ

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၁၈) ရက်နေ့မှ (၁၉) ရက်နေ့အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန(၂)၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ကာ အမှာစကား ပြောကြား ခဲ့ပြီး ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး ညီလာခံတွင် အဆိုပြုချက် (၅)ခုကို တင်သွင်းကာ နှီးနှောဖလှယ်ပွဲတွင် Action Plan များအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး FAME Pharmaceuticals မှ Managing Director ဒေါက်တာခင်မောင်လွင်မှ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းနှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP) နှင့် သုတေသန နှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ပညာရေးဝန်ကြီးဌာန၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနမှ ညွှန်ကြားရေးမှူး/ ဌာနမှူး၊ ဒေါက်တာမိုးမိုးသွယ် မှ တိုင်းရင်းဆေးဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် (Intellectual Property Right) နှင့် နာဂိုယာသဘောတူညီချက် (Nagoya Protocol) တို့ကို ဆွေးနွေးပြောကြားခဲ့ပါသည်။

### (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် အဆိုပြုချက် (၅)ချက် ခု ကို ဆွေးနွေးခဲ့ပါသည်။

၁။ မြန်မာ့တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများအား ဖော်ထုတ်သတ်မှတ် ဆောင်ရွက်ရန်နှင့် ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာများနှင့် Nagoya protocol ကို လေးစား လိုက်နာတတ်သော ပတ်ဝန်းကျင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေးအတွက် နှီးနှောဖလှယ် ပညာပေးရန်၊

၂။ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန်နှင့် သုတေသန လုပ်ငန်း နယ်ပယ်များ သတ်မှတ် ဆောင်ရွက်ရန်၊

၃။ ကျင့်ဝတ်နှင့်ညီ၍ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာအရ မှန်ကန်မှုရှိသော တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ စာအုပ်၊ စာပေများ၊ ကြော်ငြာများ ထွက်ပေါ်လာရေး ဝိုင်းဝန်း ဆောင်ရွက်ရန်၊

၄။ ဆေးပညာကျင့်ဝတ်နှင့် ကိုက်ညီသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ဖြစ်ပေါ်လာရေး ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်ရန်၊

၅။ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) တွင် တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာများနှင့် ပတ်သက်၍ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်နှင့်အညီ ဆောင်ရွက်မည်ဖြစ်သောကြောင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဘက်မှ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP guideline) အတိုင်း အတတ်နိုင်ဆုံး ကိုက်ညီအောင် ပြင်ဆင်ထားရှိ ဆောင်ရွက်ရန်၊












မြန်မာ့တိုင်းရင်းဆေးပညာရှင်များ
နှီးနှောဖလှယ်ပွဲ
၁၉-၁-၂၀၁၇
နေပြည်တော်


(၁၇)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ
၁၈.၁.၂၀၁၇
နေပြည်တော်



# သတ္တမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ
# The 7th Traditional Medicine Research Congress

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ သတ္တမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၁၅)ရက် မှ (၁၆)ရက်နေ့ အထိ တိုင်းရင်းဆေးတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

အဆိုပါ စာတမ်းဖတ်ပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်၊ မန္တလေးမြို့ရှိ ဆေးတက္ကသိုလ်နှင့် နီးနွယ်တက္ကသိုလ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တက်ရောက်ခဲ့ကြပါသည်။ စာတမ်းဖတ်ပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံ၊ တိုးယားမတက္ကသိုလ်မှ Prof.Konno မှ Pharmaceutical Toyama and JICA partnership program တိုးယားမတက္ကသိုလ်နှင့် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး/ ဌာနမှူး ဒေါက်တာမိုးမိုးသွယ် မှ Effect of IP Protection on Traditional Medicine တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုများကို Symposium အဖြစ် ဖတ်ကြားတင်သွင်းခဲ့ပြီး ဝန်ကြီးဌာနများမှ သုတေသနစာတမ်းပေါင်း (၂၈)စောင် နှင့် ပိုစတာ (၇)ခု ဖတ်ကြား တင်သွင်း ခဲ့ကြပါသည်။ အဆိုပါ စာတမ်းဖတ်ပွဲတွင် သိပ္ပံသုတေသနအကောင်းဆုံးဆုများအဖြစ် ပထမ၊ ဒုတိယ၊ တတိယ နှင့် တိုင်းရင်းသုတေသနအကောင်းဆုံးဆုရသူများအဖြစ် ပထမ၊ ဒုတိယ၊ တတိယ ဆုများ ရွေးချယ်ပေးအပ်ခဲ့ပါသည်။















## Workshop on Research Ethics အလုပ်ရုံဆွေးနွေးပွဲ




**Workshop on Research Ethics** အလုပ်ရုံဆွေးနွေးပွဲကို(၁၇-၃-၂၀၁၇) ရက်နေ့မှ (၁၈-၃-၂၀၁၇)ရက်နေ့ထိကို တိုင်းရင်းဆေးတက္ကသိုလ်၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အထက်ဆေးသုတေသန(ပြင်ဦးလွင်ရုံးခွဲ) မှ ဒေါက်တာမိုးကျော်မြင့်နှင့် အဖွဲ့သည် Research Ethics နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သေချာစွာ ရှင်းလင်းသင်ကြားပေးခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)၊ တိုင်းနှင့်ပြည်နယ် တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့မှ သင်တန်းသား/သူ စုစုပေါင်း(၆၀)ဦး တက်ရောက်လေ့လာ ဆွေးနွေးခဲ့ကြပါသည်။

## အကြောပညာသင်တန်း ၁/၂၀၁၇ (၂၁-၂-၂၀၁၇) ရက်နေ့မှ (၇-၃-၂၀၁၇) ရက်နေ့အထိ (တိုင်းရင်းဆေးရုံ မန္တလေး)




အကြောပညာသင်တန်း(၁/၂၀၁၇)ကို (၂၁-၂-၂၀၁၇) ရက်နေ့မှ (၇-၃-၂၀၁၇)ရက်နေ့အထိ ကုတင် (၁၀၀) တိုင်းရင်းဆေးရုံ၊ မန္တလေး၌ ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါ သင်တန်းတွင် သင်တန်းဆရာအဖြစ် ဦးမြင့်အောင်၊ ညွှန်ကြားရေးမှူး(ငြိမ်း)မှ သင်ကြားပို့ချခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြို့နယ်တိုင်းရင်းဆေးခန်းမှူး၊ ဒုတိယ တိုင်းရင်းဆေးမှူးနှင့် လ/ထတိုင်းရင်းဆေးမှူးများ သင်တန်းသား၊ သင်တန်းသူ ဦးရေ စုစုပေါင်း(၂၄)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် (၁၆) ခုတင်ဆံ့ မြင်းမူ တိုင်းရင်းဆေးရုံမှ လ/ထတိုင်းရင်းဆေးမှူး ဒေါ်သူဇာနွယ်က အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့ပါသည်။

---

## ဒေသနာနယသင်တန်းနှင့် အကြောပညာသင်တန်း (၁/၂၀၁၇) (၂၁-၂-၂၀၁၇) ရက်နေ့မှ (၂၂-၃-၂၀၁၇) ရက်နေ့အထိ၊ မြစ်ကြီးနားတိုင်းရင်းဆေးရုံ




ဒေသနာနယသင်တန်း(၁/၂၀၁၇) ကို (၂၁-၂-၂၀၁၇)ရက်နေ့မှ (၂၂-၃-၂၀၁၇)ရက်နေ့အထိ ကုတင် ၅၀ ဆံ့ တိုင်းရင်း ဆေးရုံ၊ မြစ်ကြီးနား မြို့တွင် ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါ သင်တန်းတွင် သင်တန်းဆရာအဖြစ် ပြည်နယ် ဦးစီးဌာနမှူး၊ ဒေါ်ကြည်ကြည်ဌေးမှ သင်ကြားပို့ချခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်တိုင်းရင်းဆေးခန်းမှူး၊ ဒုတိယ တိုင်းရင်းဆေးမှူးနှင့်လ/ထတိုင်းရင်းဆေးမှူးများ သင်တန်းသား၊သင်တန်းသူ ဦးရေ စုစုပေါင်း(၃၁)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ခုတင်(၅၀)ဆံ့ မိုးကောင်း တိုင်းရင်း ဆေးရုံမှ လ/ထတိုင်းရင်းဆေးမှူး ဒေါ်မိုးသန္တာအောင်က အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့ပါသည်။

## ဒေသနာသင်တန်းနှင့် အကြောပညာသင်တန်း ၁/၂၀၁၇ (၆-၃-၂၀၁၇) ရက်နေ့မှ (၆-၄-၂၀၁၇)ရက်နေ့အထိ ရန်ကုန်တိုင်းရင်းဆေးရုံ



ဒေသနာသင်တန်းနှင့် အကြောပညာသင်တန်း(၁/၂၀၁၇)ကို (၆-၃-၂၀၁၇) ရက်နေ့မှ (၆-၄-၂၀၁၇)ရက်နေ့အထိ ကုတင် (၁၀၀) တိုင်းရင်းဆေးရုံ၊ ရန်ကုန်၌ ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါ သင်တန်းတွင် သင်တန်းဆရာအဖြစ် တိုင်းရင်းဆေး ကောင်စီဝင်၊ ဆရာ ဦးသောင်းလွင်မှ သင်ကြားပို့ချခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်တိုင်းရင်းဆေး ခန်းမှူး၊ ဒုတိယ တိုင်းရင်းဆေးမှူးနှင့် လ/ထတိုင်းရင်းဆေး မှူးများ သင်တန်း သား၊ သင်တန်းသူ ဦးရေ စုစုပေါင်း(၂၄)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့် တက်ရောက် အမှာစကားပြောကြား ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ခုတင်(၅၀)ဆံ့ ပဲခူး တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်မေသူဝင်းက အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့ပါသည်။

---

## ဧကာဒသမအကြိမ် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲ အခမ်းအနားနှင့် တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ် (တ-ဆ) ပေးအပ်ပွဲအခမ်းအနား




တိုင်းရင်းဆေးတက္ကသိုလ်တွင် ဧကာဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင် ပေးအပ်ပွဲအခမ်းအနားနှင့် တိုင်းရင်းဆေး ဆရာ မှတ်ပုံတင်လက်မှတ်(တ-ဆ)ပေးအပ်ပွဲ အခမ်းအနားကို (၄-၄-၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်ပါသည်။ အဆိုပါ ဘွဲ့ပေးအပ်ပွဲတွင် လက်မှတ်ရ တိုင်းရင်းဆေးဆရာ B.M.T.M (၈၁)ဦး M.M.T.M (၁၂)ဦး B.M.T.M(BC) (၁၉)ဦးတို့ကို ဘွဲ့လက်မှတ်ပေးအပ်ခဲ့ပါသည်။

**FDA မှ ကြီးမှူးကျင်းပသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဟောပြောပွဲ၊ ပညာပေးပွဲနှင့် ပြပွဲ**
**တိုင်းရင်းဆေးပြခန်းဖွင့်လှစ်ပြသ (၂၂-၂-၂၀၁၇) မှ (၂၃-၂-၂၀၁၇) ရက်အထိ**
**ရန်ကုန်မြို့ MCC**




၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နှင့် ၂၃ ရက်တွင် FDA မှကြီးမှူးကျင်းပသောအစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာပြပွဲနှင့် လူထုပညာပေးပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြခန်းဖွင့်လှစ် ပြသခဲ့ပါသည်။ အဆိုပါ ပြခန်းတွင် တိုင်းရင်းဆေးဝါးများကို အန္တရာယ် ကင်းရှင်းအောင် သုတေသနနှင့် အရည်အသွေးထိန်း ဓာတ်ခွဲခန်း မှ စစ်ဆေးဖော်ထုတ်ပုံများ၊ အန္တရာယ်ကင်းသော တိုင်းရင်း ဆေးဝါး တစ်ခု၏ အရည်အသွေးများ၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်းဆိုင်ရာ၊ လိုင်စင်ပြုလုပ်ခြင်းဆိုင်ရာသိမှတ်စရာများစသည့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ လုပ်ဆောင်ချက်များကို ပြခန်းတွင် ရုပ်ပုံများနှင့် တစ်ကွ ရှင်းလင်းပြသခဲ့ပါသည်။ ရှင်းလင်းပြသရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ဆေးဝါး/ဥယျာဉ်)ဒေါက်တာမြင့်မြင့်သန်း၊ ဒုတိယညွှန်ကြားရေးမှူး (ဖွံ့ဖြိုးရေး) ဒေါက်တာ သိန်းဇော်လင်းနှင့် ရန်ကုန်တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးဝင်းမြင့်ဦး တို့ကရှင်းလင်းပြောကြား ခဲ့ကြပါသည်။

## ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် မတ်လ အတွင်း လုပ်ငန်း ဆောင်ရွက်ချက် မှတ်တမ်းအကျဉ်းချုပ် (ဆေးဝါးနှင့်ဥယျာဉ်ဌာနခွဲ)

| စဉ် | လုပ်ငန်းဆောင်ရွက်ချက် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | တိုင်းရင်းဆေး‌ဝါးမှတ်ပုံတင် (အသစ်) | ၉၃ | |
| ၂ | တိုင်းရင်းဆေး‌ဝါးမှတ်ပုံတင် (သက်တမ်းတိုး) | ၈၇၆ | |
| ၃ | တိုင်းရင်းဆေး‌ဝါးထုတ်လုပ်ခွင့်လိုင်စင် (အသစ်) | - | |
| ၄ | တိုင်းရင်းဆေး‌ဝါးထုတ်လုပ်ခွင့်လိုင်စင် (သက်တမ်းတိုး) | ၉၃ | |
| ၅ | တိုင်းရင်းဆေး‌ဝါးထုတ်လုပ်ခွင့်လိုင်စင် (ဖြည့်စွက်) | ၃၀ | |
| ၆ | ပရဆေးကုန်ကြမ်းထောက်ခံချက် ထုတ်ပေးခြင်း | ၁၄၀ | |
| ၇ | ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေး‌ဝါးများအား ကျဘန်းကောက်ယူစစ်ဆေးခြင်း (Post Market Survey) | ၄၅ | |

## ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် မတ်လ အတွင်း ခွင့်ပြုထားသော တိုင်းရင်းဆေးဝါး မှတ်ပုံတင် (အသစ်) ခွင့်ပြုခဲ့သော အုပ်စုဝင်များစာရင်း


| စဉ် | ဆေးအမျိုးအမည် | စုစုပေါင်း |
|---|---|---|
| ၁ | အစာကြေ၊ အစာအိမ်လေနိုင်၊ လေကြေနှင့်လျက်ဆားအုပ်စု | ၂၂ |
| ၂ | ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်၊ ပန်းနာလေပူကြွဆေးအုပ်စု | ၈ |
| ၃ | အခိုးပွင့်၊ အဖျား၊ အကိုက်အခဲ၊ သောက်ဆေး၊ ငန်းဆေး၊ မုဆိုးကျော် အုပ်စု | ၂၃ |
| ၄ | အကြောပြေဗမ်းပျော့ဆေး၊ အကြောတက်သောက်ဆေးအုပ်စု | ၁၁ |
| ၅ | နှလုံး၊ သည်းခြေ၊ အပူငြိမ်းဆေး သွေးဆေးများအုပ်စု | ၈ |
| ၆ | မီးယပ် ဒူလာဆေးအုပ်စု | ၁ |
| ၇ | သွေးတိုးကျဆေးအုပ်စု | ၂ |
| ၈ | အသည်းရောဂါသောက်ဆေးအုပ်စု | ၂ |
| ၉ | ဆီး၊ ကျောက်ကပ်ရောဂါ သောက်ဆေးအုပ်စု | ၁ |
| ၁၀ | လိမ်းဆေး၊ ရှူဆေး၊ လိမ်းရှူဆေး၊ Roll-on ဆေးအုပ်စု | ၈ |
| ၁၁ | အခြားအုပ်စုဝင်များ(အားဆေး) | ၇ |
| | **စုစုပေါင်း** | **၉၃** |

## မှတ်ပုံတင် ရရှိထားသော်လည်း အနောက်တိုင်းဆေး ရောနှောထားသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

(၅-၁၁-၂၀၁၆)ရက်နေ့ထုတ် မြဝတီသတင်းစာ

